# မြောက်မျှားကုန်းကျေးရွာ

# မင်းလှမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မြောက်မျှားကုန်းကျေးရွာ ၊ မင်းလှမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ မတ်လ

## မာတိကာ

ခေါင်းစဉ် — စာမျက်နှာ

မာတိကာ — ၁

ကျေးဇူး — ၄

မြောက်များကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းလှမြို့နယ် — ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် — ၇

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း၊ ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ တည်နေရာ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ — ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ — ၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ — ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူဝယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ — ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ — ၁၆

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၉

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၉

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၅

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၆

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၈

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၁

(၁) မြောက်မျှားကုန်းကျေးရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား/မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာနေ အဆင့် အခြေအနေ

ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား ၈ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

(၂) မြောက်မျှားကုန်းကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား/မရေးရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၈

ဇယား ၄၉ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၈၅

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၆

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ [illegible]

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ မြောက်မျှားကုန်းကျေးရွာ၏ ကျေးရွာ သူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏

အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

မတ်လ၊ ၂၀၁၈ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မြောက်မျှားကုန်းကျေးရွာ
မင်းလှမြို့နယ်

## မြောက်မျှားကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းလှမြို့နယ်



**ရည်ညွှန်း** - မြောက်မျှားကုန်းကျေးရွာ၊ ကျောက်ပန်းတောင်းကျေးရွာအုပ်စု ၊ မင်းလှမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ ( ၂၀၁၈ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၄ ရက်)

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

### (၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှုးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပ်ငံအပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ တည်နေရာ ၊ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

မြောက်မျှားကုန်းကျေးရွာသည် ကျောက်ပန်းတောင်းကျေးရွာအုပ်စုတွင် ပါဝင်ပြီး မင်းလှမြို့မှ (၃၀) မိုင်ခန့် အကွာအဝေး၊ သရက်-မင်းလှ လမ်းမကြီး၏ အနောက်ဖက် (၁) မိုင်အကွာတွင် ရှိသော မေ ၁၅၀ ရှိ တညောင်ချောင်းမကြီးမှ (၄) ဖာလုံခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ မြေအနေအထားမှာ အနောက်မှ အရှေ့သို့ ဆင်ခြေလျှောပုံစံ ဖြစ်ပါသည်။ ကျေးရွာ၏ မြောက်ဖက်တွင် စိမ်ကိုင်းချောင်းနှင့် လယ်/ယာမြေများ တည်ရှိပြီး (၄) ဖာလုံခန့်အကွာတွင် တောရကျောင်းတိုက် ရှိပါသည်။ ရွာအရှေ့ဘက်ရှိ သရက်-မင်းလှ ကားလမ်းမကြီးမှခွဲပြီး ရွာသို့လာရာတွင် ပေ (၃၀၀၀) ခန့်သည် ကျောက်ခင်းလမ်းဖြစ်ပြီး ကျန်နေရာများသည် မြေသားလမ်းဖြစ်ပါသည်။ ကျေးရွာတွင် တညောင်ချောင်းမကြီးရှိနေပြီး ဆက်သွယ်သွားလာသည့်လမ်းများမှာလည်း မြေသားလမ်းဖြစ်နေသည့်အတွက် မိုးရာသီတွင် ချောင်းရေကြီးခြင်းနှင့် ရွှံ့ဗွက်ထူခြင်းတို့ကြောင့် သွားလာမှုမှာလည်း ခက်ခဲပါသည်။ ရွာတောင်ဘက်တွင် မိုးကောင်းလယ်ရိုးကြီးရှိပြီး ရွာ၏အနောက်ဘက်တွင် ပုဂ္ဂလိကကျွန်းစိုက်ခင်းနှင့် ငါးမွေးမြူရေးကန်များ အနည်းငယ်ရှိပါသည်။ အဓိကစိုက်ပျိုးရေးသီးနှံမှာ ပဲမျိုးစုံ၊ နှမ်း၊ ဝါ၊ မိုးကောင်းလယ်စပါးများနှင့် ဆောင်းရာသီတွင် ကြက်သွန်များ စိုက်ပျိုးကြပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

မင်းလှမြို့နယ်၊ ကျောက်ပန်းတောင်းအုပ်စု၊ မြောက်မျှားကုန်းကျေးရွာသည် စပါး အနည်းငယ်၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ အများဆုံးထွက်ရှိရာဒေသ ဖြစ်ပါသည်။ မြောက်မျှားကုန်းကျေးရွာတွင် မိုးကောင်းလယ်များ ရှိပါသည်။ ယာမြေကိုင်းမြေများလည်း ရှိပါသည်။ ကိုင်းယာမြေများတွင် တညောင်ချောင်းမှ ရေတင်ပြီး ဆောင်းရာသီတွင် သီးနှံမျိုးစုံ လုပ်ကိုင်ရန် အလားအလာကောင်းများလည်း ရှိပါသည်။ တညောင်ချောင်းမကြီးရှိသည့်အတွက် သဲနှင့်ကျောက်၊ သဲနုများ အလွယ်တကူ ရရှိနိုင်သော်လည်း မိုးရာသီတွင် ချောင်းရေကြီးရေလျှံမှု ဖြစ်သည့်အတွက် သဲနှင့်ကျောက်စရစ်များ သယ်ယူပို့ဆောင်ရာတွင် အခက်အခဲများ ရှိပါသည်။ သဘာဝဆေးဘက်ဝင်အပင်များ ရှိသော်လည်း အသိပညာ၊ ဗဟုသုတ နည်းပါးခြင်းကြောင့် အသုံးပြုနိုင်မှု အားနည်းပါသည်။ ကျေးရွာတွင် နွားစာအတွက် စားကျက်မြေများ ကျယ်ပြန့်စွာ ရှိပါသည်။

## (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စု (၁၇၂)စုရှိပြီး လူဦးရေမှာ ကျား (၃၂၈)ဦး ၊ မ (၃၈၃)ဦး ၊ စုစုပေါင်းလူဦးရေ (၇၁၁)ဦး ရှိပါသည်။ ကျေးရွာတွင် မြန်မာလူမျိုးများ နေထိုင်ကြပြီး တစ်မိသားစုလျှင် ပျမ်းမျှလူဦးရေ (၄)ဦးခန့် ရှိပါသည်။ အသက် (၁၅နှစ် မှ ၆၄နှစ်)အထိ အလုပ်လုပ်နိုင်သော လူဦးရေ ၇၀.၇၅% ရှိပြီး (၁၅)နှစ်အောက် လူဦးရေနှင့် အသက် (၆၅)နှစ်အထက် လူဦးရေစုစုပေါင်း

၂၉.၂၅%သည် မိုနိုသူများဖြစ်ကြပါသည်။ အလုပ်လုပ်နိုင်သည့် လူဦးရေအများစုသည် အလယ်တန်းပညာအထိ သင်ကြားခဲ့ကြရသူများ ဖြစ်ပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု**

ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ကျွန်ုပ်တို့ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စု (၁၇၂)စု၏ (၅၂.၃၃%)ခန့်သည် ဆင်းရဲသည်ဟု ခံယူကြပါသည်။ (၄၇.၆၇%)ခန့်မှာ ချောင်လည်သည်ဟု ဆုံးဖြတ်ကြပါသည်။

ဆင်းရဲသည်ဟု သတ်မှတ်ထားသူများသည် မြေယာမဲ့များနှင့် စိုက်ပျိုးလယ်မြေ (၁)ဧကမှ (၅)ဧကအထက် ပိုင်ဆိုင်သူများ ၊ ကျပန်းအလုပ်သမားများဖြစ်ပါသည်။ အိမ်အခြေအနေမှာ ထရံကာ၊ သက္ကယ်မိုး (၄)ပင်အိမ်နှင့် (၃)ပင်အိမ် အမျိုးအစားဖြစ်ပါသည်။

ချောင်လည်သောမိသားစုများသည် စိုက်ပျိုးမြေ (၁၀)ဧကမှ (၁၅)ဧကအထိ ပိုင်ဆိုင်သူများနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများ ဖြစ်ကြပါသည်။ အိမ်အခြေအနေမှာ အိမ်ကြီးအိမ်ကောင်း (သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ)ဖြစ်ပြီး ဓာကားပိုင်ဆိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ချမ်းသာ/ဆင်းရဲ မညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

ထိခိုက်သက်ရောက်လွယ်သော မိသားစုများသည် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများ ၊ သက်ကြီးရွယ်အိုများ ၊ မုဆိုးဖို/တစ်ခုလပ်များ ၊ အခြားဒေသသို့ အချိန်ကြာမြင့်စွာ သွားရောက်အလုပ်လုပ်ကိုင်သူများ ၊ အဆင်းရဲဆုံး တောင်သူများနှင့် မြေယာမဲ့ ကျပန်းအလုပ်သမားများဖြစ်ကြသည်။ ၎င်းတို့သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ၊ ပိုင်ဆိုင်မှုများနှင့် စားနပ်ရိက္ခာဖူလုံမှုမရှိသော မိသားစုများ ဖြစ်ကြသည်။ ကျေးရွာတွင်းရှိ ဆင်းရဲသော မိသားစုများနှင့် လူငယ်အများစုမှာ ဝင်ငွေပိုမိုရရှိနိုင်ရန်အတွက် ကျေးရွာ ပြင်ပ (ပြည်တွင်း/ပြည်ပ)သို့ သွားရောက်အလုပ်လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင်းတွင် ထိခိုက်နစ်နာလွယ်သော အိမ်ထောင်စုများရှိသော်လည်း သားသမီးများ၏ ကူညီထောက်ပံ့မှုများ ၊ ကျေးရွာရှိ ပရဟိတအဖွဲ့နှင့် ကျေးရွာတွင်း စီးပွားရေးအဆင်ပြေသည့် အိမ်ထောင်စုများမှ ဝိုင်းဝန်းထောက်ပံ့ကြသည့်အတွက် အဆိုပါ အိမ်ထောင်စုများ၏ ထိခိုက်လွယ်မှုအခြေအနေမှာ သာမန်အဆင့်သာ ရှိပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

မြောက်မျှားကုန်းကျေးရွာအတွင်း ကျေးလက်ကျန်းမာရေး ဆေးပေးခန်း မရှိသေးပါ။ ရာသီအလိုက် ဖျားနာခြင်း၊ အအေးမိတုပ်ကွေးနှင့် ဆီးရိုး ၊ သွေးတိုးရောဂါများသာ ဖြစ်လေ့ဖြစ်ထရှိပြီး ကြီးကြီးမားမား ကျန်းမာရေးပြဿနာ မရှိကြပါ။ အနီးဆုံးဆေးရုံမှာ (၂)မိုင်အကွာ လင်းကယ်တိုက်နယ်ဆေးရုံဖြစ်ပြီး အရေးပေါ်အခြေအနေဖြစ်ပွားပါက မင်းလှ ၊ မကွေးဆေးရုံကြီးများသို့

သွားရောက်ကုသကြပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

မြောက်မှုားကုန်းကျေးရွာတွင် သက်ကြီးပိုင်း အနည်းငယ်မှလွဲ၍ အများစုသည် အခြေခံအရေး ၊ အဖတ် ၊ အတွက်အချက်ကို တတ်မြောက်ကြသည်။ စာမတတ်သူ ကျား(၂)ဦးနှင့် မ(၁၆)ဦး၊ စုစုပေါင်း စာမတတ်သူ (၁၈)ဦး ရှိသည်။ မူလတန်းအဆင့်ရှိသူ ကျား (၁၄၈)ဦး ၊ မ (၁၆၇)ဦး ၊ စုစုပေါင်း (၃၁၅)ဦး ၊ အလယ်တန်းအဆင့်ရှိသူ ကျား (၁၂၉)ဦး ၊ မ (၁၃၁)ဦး ၊ စုစုပေါင်း (၂၆၀)ဦး၊ အထက်တန်းအဆင့်ရှိသူ ကျား (၂၀)ဦး ၊ မ(၂၃)ဦး ၊ စုစုပေါင်း (၄၃)ဦး ၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူ ကျား (၈)ဦး ၊ မ (၃၁)ဦး ၊ စုစုပေါင်း (၃၉)ဦး ရှိပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် ကော်မတီကိုယ်စားလှယ်အဖြစ် အမျိုးသားများမှာ (၂)ဆရှိပြီး အမျိုးသမီးမှာ (၁)ဆမျှသာ ပါဝင်ဆောင်ရွက်မှုရှိကြောင်း တွေ့ရှိရပါသည်။ မိသားစုအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ ၅၀% ပါဝင်မှုရှိသဖြင့် မျှတမှုရှိကြောင်း တွေ့ရပါသည်။ လုပ်အားခ သတ်မှတ်ရာတွင်လည်း ကျား ၊ မ အလိုက် ခွဲခြားသတ်မှတ်ထားခြင်းမရှိဘဲ တန်းတူအခွင့်အရေး ရရှိပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူ ပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးကဏ္ဍတွင် ဂေါပကအဖွဲ့ ၊ ဝတ်အသင်းအဖွဲ့ ၊ လူမှုရေးကဏ္ဍတွင် လဝန်းအိမ်ပရဟိတအဖွဲ့ ၊ အုပ်ချုပ်ရေးအဖွဲ့ ၊ အရန်မီးသတ်တပ်ဖွဲ့ စသည်တို့ဖြစ်ပါသည်။ ၎င်းအဖွဲ့များမှ ကျေးရွာ၏ ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် အားတက်သရော ပူးပေါင်းဆောင်ရွက်လေ့ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

မြောက်မှုားကုန်းကျေးရွာတွင် တောင်သူ (၁၀၁)ဦးရှိ၍ စုစုပေါင်း လယ်(၁၆၉)ဧက ၊ ယာမြေ စုစုပေါင်း (၉၁၂)ဧက ၊ ဥယျာဉ်ခြံမြေ (၃)ဧက ၊ ကိုင်း/ကျွန်းမြေ စုစုပေါင်း (၄၅.၅)ဧက ၊ စားကျက်မြေ (၂၈၉)ဧက ၊ မြေလွတ်မြေလပ်စုစုပေါင်း (၃၄)ဧကရှိပြီး တစ်ရွာလုံး စုစုပေါင်း

စိုက်ပျိုးမြေမှာ (၁၀၈၁)ဧကရှိပါသည်။ တောင်သူတစ်ဦးလျှင် စုစုပေါင်းပျမ်းမျှ (၁၀.၇)ဧက ပိုင်ဆိုင်ပြီး တစ်ရွာလုံးအနေဖြင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် စိုက်ပျိုးမြေ (၆.၆)ဧကနှုန်း ပိုင်ဆိုင်ကြပါသည်။ ကျေးရွာ၏ အဓိကအသက်မွေးလုပ်ငန်းမှာ တောင်သူလုပ်ငန်းဖြစ်ပြီး အဓိကသီးနှံမှာ နှမ်း၊ ဝါနှင့် ပဲမျိုးစုံဖြစ်ပြီး စပါးမှာ မိုးကောင်းလယ်များသာ ဖြစ်ပါသည်။ နှမ်းနှင့် ပဲစဉ်းငုံသီးနှံများအား ကဆုန် ၊ နယုန်လတွင် စိုက်ပျိုးကြပြီး ပဲကြီးနှင့် ကုလားပဲအား တော်သလင်းလတွင် စိုက်ပျိုးကြပါသည်။ ဝါသီးနှံကာလမှာ ဝါဆို ၊ ဝါခေါင်မှ တပို့တွဲ ၊ တပေါင်းလအထိ ဖြစ်ပါသည်။ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြပြီး ကြက်သွန်နီစိုက်ပျိုးခြင်းလုပ်ငန်းအတွက်သာ ချောင်းရေကို အသုံးပြုကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် တောင်သူတစ်ဦးမှ အသေးစားထွန်စက်တစ်စီး ဝယ်ယူထားရှိပြီး တောင်သူများမှ လယ်ယာလုပ်ငန်းတွင် ထွန်ယက်ရန်လိုအပ်ပါက လုံလောက်မှု မရှိသောကြောင့် ပြင်ပမှ ငှားရမ်းနေရပါသည်။ ငွေကြေးအခက်အခဲရှိသဖြင့် ပြင်ပမှ ချေးငွေယူကြရပါသည်။ သီးနှံရိတ်သိမ်းချိန်တွင်လည်း လုပ်သားရှားပါးမှုကြောင့် လုပ်အားခ ပိုပေး၍ ငှားရမ်းနေရပါသည်။

မြို့နယ်သမဝါယမအသင်းမှ ချေးငွေရယူခြင်း ၊ စိုက်ပျိုးရေးဘဏ်မှ ချေးငွေရယူခြင်းများ ရှိပါသည်။ စိုက်ပျိုးရေးဘဏ်မှ ချေးငွေရယူရာတွင် ပုံစံ(၇) မရှိသေးသော တောင်သူများမှာ ချေးငွေ မရရှိသည့် အခက်အခဲများလည်း ရှိပါသည်။ ပိုးသတ်ဆေးနှင့် ဓါတ်မြေဩဇာများကိုလည်း ပြင်ပကုမ္ပဏီများထံမှ (၅%) အတိုးဖြင့် ကြိုတင်ရယူမှု ပြုကြရပါသည်။

## (ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

မြောက်မျှားကုန်းကျေးရွာတွင် စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်း လုပ်ကိုင်သည့် မြေယာမဲ့ မိသားစုအချို့သည် ပန်းရံ ၊ လက်သမား ၊ ကျောက်တင်/ချ ၊ သဲတင်/ချလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျန်အလုပ်များမှာ ကျေးရွာတွင် ကုန်ကြမ်းများရှိသော်လည်း ငွေကြေးအရင်းအနှီးမရှိခြင်း ၊ မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း ၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ တတ်မြောက်မှု မရှိခြင်း ၊ ပုံမှန်ဝင်ငွေရ လုပ်ငန်းများမရှိခြင်းနှင့် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်းတို့ကြောင့် တချို့မှာ တစ်နယ်တစ်ကျေးသို့ သွားရောက်လုပ်ကိုင်ကြရပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အကြောင်းအရာတို့ကို ကျေးရွာအတွင်း တွေ့ကြုံနေရပါသည် -

- မိုးခေါင်ခြင်းနှင့် ရေကြီးခြင်း - ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းကို နှစ်စဉ်လိုလို တွေ့ကြုံခံစားကြရပါသည်။ မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းတို့

ကြောင့် တောင်သူများ၏ စိုက်ခင်းများ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးရေး စရိတ်ကြီးမြင့်ခြင်းကို ခံရပါသည်။

- ရောဂါပိုးမွှားကျရောက်ခြင်း - လူ ၊ တိရစ္ဆာန်နှင့် စိုက်ပျိုးရေးသီးနှံများတွင် ရောဂါ ပိုးမွှားကျရောက်မှု ရှိပါသည်။ ကြီးမားစွာ ဖြစ်ပေါ်ခြင်း မရှိပါ။
- အပင်မျိုးစိတ်များ - သန်း ၊ ဒဟတ် ၊ ဖောင်းပလေး ၊ ညီပစေး ၊ ရှား ၊ ခနောင်း ၊ လိမ် ၊ အင်ကြင်း ၊ ပိတောက်နှင့် မြင်းခွာရွက် ၊ ဟင်းကျွတ် ၊ နားတောင်း စသည်တို့ ပေါများလှပါသည်။

### (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် သမဝါယမချေးငွေ လုပ်ငန်းရှိသော်လည်း တစ်ဦးလျှင် ကျပ်တစ်သိန်းငါးသောင်းမျှသာ ထုတ်ချေးနိုင်ပါသည်။ စိုက်ပျိုးရေးဘဏ်မှ အတိုးနှုန်းပြား (၅၀)ဖြင့် ဇွန် ၊ ဇူလိုင်လများတွင် ချေးငွေထုတ်ချေးပေးသော်လည်း ပုံစံ(၇) တင်ပြနိုင်မှသာ ချေးငွေရရှိသဖြင့် တောင်သူအများစုမှာ ချေးငွေမရရှိခြင်း ၊ ကျေးရွာတွင်း ငွေချေးပေးသူထံမှ တစ်လလျှင် (၄-၅%) အတိုးနှုန်းဖြင့် ချေးငွေရရှိသော်လည်း ပိုင်ဆိုင်သည့် မြေကွက်နှင့် သဘောတူစာချုပ် ချုပ်ဆိုရခြင်း၊ မိတ်ဆွေနှင့် ဆွေမျိုးများထံမှ ကာလတိုချေးငွေ ရယူခြင်းများ ရှိပါသည်။

### (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းနေအရွယ် ကျား(၂၈)ဦး ၊ မ(၂၂)ဦး ၊ စုစုပေါင်း (၅၀)ဦး ၊ အလယ်တန်းကျောင်းနေအရွယ် ကျား(၁၈)ဦး ၊ မ(၂၇)ဦး ၊ စုစုပေါင်း (၄၅)ဦး ရှိပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းခွဲအထိ ဖွင့်လှစ်နိုင်သော်လည်း ယခုလက်ရှိ ကျောင်းဆောင်မှာ ကျေးရွာလူထု၏ ကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်ထားရခြင်း ၊ အမိုးများကောင်းသော်လည်း ထရံကာ ပျက်စီးနေခြင်း ၊ ကျောင်းသားဦးရေနှင့် ဆရာ ၊ ဆရာမဦးရေ မမျှတခြင်း ၊ ကျေးရွာမှ ပြောင်းရွှေ့သွားသည့် ဆရာမ အစားထိုး ရောက်ရှိလာမှုမရှိခြင်းနှင့် ကျေးရွာမှ ဘွဲ့ရပညာတတ်များမှ ကူညီသင်ကြားပေးရခြင်းများ ရှိပါသည်။ အထက်တန်းအဆင့် ကျောင်းနေအရွယ် ကျား(၁၀)ဦး ၊ မ(၁၅)ဦး ၊ စုစုပေါင်း (၂၅)ဦးရှိပြီး ကျေးရွာမှ (၂)မိုင်ခန့်ကွာဝေးသည့် အခြားကျေးရွာသို့ သွားရောက်ပညာသင်ကြားရပြီး မိုးရာသီတွင် ချောင်းရေကြီးမှုကြောင့် သွားလာရခက်ခဲမှုများ ကြုံတွေ့ရပါသည်။

ကျေးရွာသို့ ကျန်းမာရေးဌာနမှ တာဝန်ကျ ဆရာ ၊ ဆရာမများ လစဉ်လာရောက်၍ ကာကွယ်ဆေး တိုက်ကျွေးခြင်း ၊ ဆေးထိုးခြင်းလုပ်ငန်းများ အဆက်မပြတ် လုပ်ဆောင်ပေးပါသည်။ ကျေးရွာနှင့် (၂)မိုင်ခန့် အကွာအဝေးတွင် တိုက်နယ်ဆေးရုံ ရှိသည့်အတွက် ပွင့်လင်းရာသီတွင် ကျန်းမာရေး စောင့်ရှောက်မှုများ အလွယ်တကူ ရရှိသော်လည်း မိုးတွင်းအခါ ချောင်းရေကြီးမှုကြောင့် အခက်အခဲ များစွာရှိပါသည်။

ကျေးရွာအတွင်း ရေတွင်း (၅)တွင်းနှင့် ချောင်းကြီး (၁)ချောင်း ၊ ချောင်းငယ် (၂)ချောင်း ရှိသည့်အတွက် တစ်နှစ်ပတ်လုံး ရေလုံလောက်မှု ရှိပါသည်။ ကျေးရွာတွင် လက်ရှိ ယင်လုံအိမ်သာ (၁၂၃)လုံးနှင့် တိုက်ရိုက်ကျင်းအိမ်သာ (၄၉)လုံး အသုံးပြုကြပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

ကျေးရွာရှိ လူငယ်များသည် ဘာသာရေးလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်မှု ရှိပါသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိသဖြင့် လူငယ်များအနေဖြင့် စာဖတ်သည့် အလေ့အကျင့်များ အားနည်းသည်ကို တွေ့ရှိရပါသည်။ ဘောလုံးကန်ခြင်း ၊ ခြင်းခတ်ခြင်း ၊ ဘောလီဘောကစားခြင်းများ ရှိသည်။ ကျေးရွာတွင် ဘောလုံးကွင်းရှိသော်လည်း နေရာကျဉ်းမြောင်း၍ မြေပြင်ညီညွတ်မှု မရှိပါ။ လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမည်ဆိုပါက အလုပ်လက်မဲ့ဦးရေ လျော့နည်းသွားမည်ဖြစ်ပါသည်။

**(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု**

ကျေးရွာသူ/သားများအနေဖြင့် အနီးဆုံးဈေးကို ကျေးရွာနှင့် မိုင်(၃၈)ခန့် ကွာဝေးသည့် မင်းလှဈေးသို့လည်းကောင်း ၊ အကြီးစားဈေးကွက်ကို ကျေးရွာနှင့် (၄၉)မိုင်ခန့် ကွာဝေးသည့် မကွေးဈေးသို့လည်းကောင်း ကားဖြင့် သွားရောက်ဝယ်ယူကြပါသည်။ ကျေးရွာတွင်းလမ်းမှာ (၃)ဖာလုံကျော်သာရှိပြီး မြေသားလမ်းအမျိုးအစား ဖြစ်သည်။ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းမှာ ကျောက်ခင်းလမ်းအမျိုးအစားဖြစ်သော်လည်း ကျေးရွာမှ လက်ရှိအသုံးပြုနေသော လမ်းများမှာ မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါသည်။ ကျေးရွာတွင် တညောင်ချောင်း ရှိသော်လည်း ချောင်းကိုဖြတ်၍ တည်ဆောက်ထားသည့် တံတားများ မရှိပါ။ သရက်-မင်းလှ ကားလမ်းမကြီးနှင့် ၁မိုင် ၄ဖာလုံမျှသာ ကွာဝေးသော်လည်း ကြီးမားသော ချောင်းရှိသဖြင့် မိုးရာသီတွင် သွားလာရခက်ခဲမှုများ ရှိပါသည်။ ကျောက်ခင်းလမ်းမှာ ပေ ၁၂၀၀ ကျော်မျှသာ ရှိသည့်အတွက် ရွာမှ မြို့သို့ သွားသောလမ်းမှာ ပွင့်လင်းရာသီတွင်သာ ကောင်းမွန်စွာ အသုံးပြုနိုင်ပါသည်။

ကျေးရွာတွင် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်း အသုံးပြု၍ သွားရသည့်နေရာ မရှိပါ။ ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား ဆောင်ရွက်သည့်အတွက် လယ်ယာလုပ်ငန်းတွင် နွားလှည်းကို အသုံးပြုကြပြီး သယ်ယူပို့ဆောင်ရေးတွင် ဆိုင်ကယ်ဖြင့် အဓိကထား အသုံးပြုကြသည်။ ကျေးရွာတွင် ကိုယ်ပိုင်ဆိုလာပြားဖြင့် မီးသုံးစွဲသည့် အိမ်ထောင်စု (၅၂)စုရှိပြီး ဖယောင်းတိုင်မီး အသုံးပြုသူ (၃၃)စု ရှိပါသည်။ ဒီဇယ်သုံး အင်ဂျင်စနစ်ကို အသုံးပြုသည့် အိမ်ထောင်စုများအနေဖြင့် မိမိတို့လိုအပ်သည့်အချိန်တွင် မီးမရရှိသည့် အခက်အခဲများ ရှိပါသည်။

သတင်းအချက်အလက်များကို ရေဒီယို ၊ တီဗွီ ၊ စလောင်းများမှ အဓိက ရယူသုံးစွဲကြပြီး ဖုန်းအသုံးပြုသူများသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် လက်လှမ်းမီသည့် ကျေးရွာဖြစ်ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာလူထုမှ ဥပဒေနှင့်အညီ နေထိုင်သွားလာတတ်စေရေး အသိပညာပေး ဟောပြောပွဲ

များအား နယ်မြေရဲကင်းမှုမှ တစ်နှစ်တစ်ကြိမ် ကျေးရွာလူထုနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့်အတွက် ဥပဒေဆိုင်ရာ အသိပညာများအား ပြည်သူလူထုမှ ရရှိပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာတွင် တရား ဥပဒေနှင့်အညီ ဆောင်ရွက်ရသည့် မှုခင်းများ မရှိပါ။ သဘာဝဘေးအန္တရာယ် ကင်းဝေးစေရေး အတွက် မီးကင်းလှည့်ခြင်း ၊ မီးသုံးစွဲချိန်နှင့် မီးငြိမ်းသတ်ချိန်များ စနစ်တကျ သတ်မှတ်ထားပါသည်။

## (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့် အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က)ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာ၏ စိုက်ပျိုးရေးကဏ္ဍတွင် မိုးရေကိုသာ အဓိကအားထားနေရသော်လည်း ကျေးရွာ ပတ်လည်တွင် ရာသီမရွေး စီးဆင်းနေသော ချောင်းများရှိသည့်အတွက် ချောင်းရေတင်စနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအား တိုးချဲ့ဆောင်ရွက်နိုင်မည်ဆိုလျှင် ရာသီမရွေး သီးနှံစုံ စိုက်ပျိုးထုတ် လုပ်နိုင်မည်ဖြစ်သည်။ သီးနှံအထွက်နှုန်း တိုးတက်စေရန် စိုက်ပျိုးရေးနည်းပညာနှင့် ဝန်ဆောင်မှု များ လိုအပ်သော်လည်း သွင်းအားစုများအား ကျေးရွာတွင်းနှင့် ပြင်ပမှ လာရောက်ရောင်းချမှုများ ရှိပါသည်။ မိမိတို့ လယ်ယာမှ ထွက်သည့် သီးနှံများအား ဈေးကောင်းမရသော်လည်း အလွယ်တကူ ရောင်းချနိုင်ပါသည်။ သဘာဝဆေးဘက်ဝင် အပင်များ ၊ ထန်းပင် ၊ မန်ကျည်းပင်များ များစွာရှိပြီး စားကျက်မြေများ ကျယ်ပြန့်စွာ ရှိပါသည်။

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန် စားကျက်မြေနှင့် ရေအလုံအလောက်ရှိပြီး အိမ်ခြံဝင်းအတွင်း မွေးမြူမည်ဆိုလျှင်လည်း မြေနေရာ အလုံအလောက်ရှိပါသည်။ ထို့ပြင် လိုအပ် သည့် တိရစ္ဆာန်မျိုးစိတ်များကိုလည်း မျိုးကောင်းမျိုးသန့် မဟုတ်သော်လည်း ဝယ်ယူရရှိပါသည်။

ကျေးရွာပတ်လည်တွင် တစ်နှစ်ပတ်လုံး စီးဆင်းနေသော ချောင်းရှိနေခြင်းကြောင့် ကျောက် စရစ် ၊ သဲပေါများရုံသာမက ကျောက်ကြီးနှင့် မြေနီကိုပါ အလွယ်တကူ ရရှိပါသည်။ ကျေးရွာဖွံ့ဖြိုး ရေးနှင့် သာရေး ၊ နာရေးများတွင်လည်း ကျေးရွာလူထုမှ တက်ကြွစွာ ပါဝင်လှုပ်ရှား ကြပါသည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

မြောက်များကုန်းကျေးရွာတွင် ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ကျေးရွာအတွင်း အဖွဲ့များရှိ သော်လည်း ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာ တွင် အတွေ့အကြုံနည်းခြင်း ၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်း ဝေးခြင်း စသည်တို့သည်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးကဏ္ဍတွင် မိုးရေကိုသာ အဓိက အားထားရသောကြောင့် ရာသီဥတု ဖောက်ပြန်သည့်အချိန်တွင် သီးနှံများ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရခြင်း ၊ ငွေကြေးမပြည့်စုံခြင်း ၊ ဈေးငွေအလွယ်တကူ မရရှိခြင်း ၊ သီးနှံဖျက်ပိုးကျရောက်မှုဒဏ်ကို နှစ်စဉ် ခံစားရခြင်းစသည့်

အခက်အခဲများ ရှိပါသည်။ ထို့ပြင် လုပ်အားခ ပိုမိုရရှိသော ထိုင်းနှင့် မလေးရှား နိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်သူဦးရေ များပြားသောကြောင့် ကျေးရွာတွင်း လုပ်သား ငှားရမ်းရာတွင် အခက်အခဲများ ကြုံတွေ့ရခြင်းနှင့် နည်းစနစ်မမှန်ဘဲ ပိုးသတ်ဆေးအသုံးပြုမှုများ ခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများအား ကျေးရွာအရောက် ဝန်ဆောင်မှု မရရှိခြင်း၊ စသည်တို့သည်လည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။

ကျေးရွာတွင် စားကျက်မြေများရှိသော်လည်း ရင်းနှီးငွေ အခက်အခဲများ ၊ ဆေးနှင့် မွေးမြူရေးနည်းပညာ အခက်အခဲများကြောင့် နွား ၊ ကြက်နှင့် ဝက်များအား ကျယ်ပြန့်စွာ မွေးမြူနိုင်ခြင်း မရှိကြပေ။ လိုအပ်သည့် နည်းပညာအကူအညီနှင့် နည်းလမ်းများအား မြို့နယ် မွေး/ကုဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်လျက် ရှိပါသည်။

ကျေးရွာတွင် ကုန်ကြမ်းများ ရှိသော်လည်း ငွေကြေးအရင်းအနှီး မရှိခြင်း ၊ မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း ၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ တတ်မြောက်မှုမရှိခြင်း၊၊ ပုံမှန်ဝင်ငွေရ လုပ်ငန်းများမရှိခြင်းနှင့် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်း နည်းခြင်းတို့သည် လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။

## (၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ မြောက်မှျားကုန်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့်အဆိုပါ ရည်မှန်းချက်ပန်းတိုင် နှင့်ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့်နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ ကြပါသည်။

### (က) ရည်မှန်းချက် ပန်းတိုင်

လာမည့် (၅)နှစ်တာ ကာလအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည် -

(၁) စိုက်ပျိုးရေးလုပ်ငန်းများ ၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်လာနိုင်ခြင်းဖြင့် ကျေးရွာမိသားစုများ၏ ဝင်ငွေတိုးတက်လာရမည်။

(၂) အခြေခံအဆောက်အဦများဖြစ်သည့် ရွာတွင်းကျောက်ချောလမ်းခင်းခြင်း ၊ ကွန်ကရစ်တံတား တည်ဆောက်ခြင်း ၊ စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း ၊ ကျေးလက်ကျန်းမာရေး

ဌာနခွဲတည်ဆောက်ခြင်းစသည်တို့ ဆောင်ရွက်လာနိုင်ပြီး ယခင်ကထက် ကျေးရွာဖွံ့ဖြိုး တိုးတက်လာရမည်။

(၃) လူငယ်များအတွက် အသိပညာ ဗဟုသုတ တိုးပွားလာစေရန်နှင့် ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်၍ (၅)နှစ်တာကာလအတွင်း စာကြည့်တိုက်နှင့် အားလပ်ချိန်တိုင်း အပန်းဖြေနိုင်မည့် အားကစားကွင်းများ တည်ဆောက်နိုင်ရမည်။

(၄) သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် တစ်နှစ်ပတ်လုံး အလွယ်တကူ အသုံးပြုနိုင်မည့် အိမ်တိုင်ရာရောက်ရေသွယ်စနစ်ထိ ဆောင်ရွက်နိုင်ရမည်။

(၅) ရွာလူထုသည် ကျေးရွာမီးလင်းရေးဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာရမည်။

(ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာ စိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေ တိုးတက်လာစေရန်အတွက် အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသော သီးနှံမျိုးများကိုသာ ဦးစားပေး စိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးနည်းပညာများ၊ ပိုးမွှား ရောဂါကာကွယ်ရေး နည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

(၂) လယ်သမားငယ်များနှင့် ကျပန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေ ရရှိစေရန် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ရေး အစီအမံများ လုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီသော မွေးမြူရေး နည်းပညာသင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၃) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသ အသက်မွေးဝမ်းကျောင်း နည်းပညာ သင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက် ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက် ကုန်များ ဈေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှု ရရှိရန် လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ ရရှိရန် ပုံစံ (၇) ရရှိအောင် ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်း အသေးစား လုပ်ငန်းများအတွက် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ပေး ခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေပါမည်။

(၅) ကျေးရွာအတွင်းရှိ လူငယ်များ စာတတ်မြောက်မှု တိုးတက်လာစေရေးအတွက် မိဘ၊ ဆရာ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် အနာဂတ်တွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေပါမည်။

(၆) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရန် ဝေးကွာသည့်အတွက် ဆိုလာမီးလင်းရေးအတွက် ဦးစားပေးဆောင်ရွက်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်နေပါသည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ် ပေးနိုင်ခဲ့ကြ ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စီစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

မြောက်မျှားကုန်းကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြား ဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မိုးစပါးသီးနှံ (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့် တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့် ချိတ်ဆက် လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများ လိုအပ်သောချေးငွေများ ထုတ်ချေးပေး နိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့် ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

မြောက်များကုန်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှု အားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင်ဖြစ်သည်။ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများစသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်းတစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာခြင်း၊ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်ပေမည်။

## (စ)ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

## (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါ

မည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

**(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ဌားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

### (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူကျေးရွာသူ/သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေး စီမံကိန်းများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ/ အကြောင်းအရာ | စီမံကိန်း | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်း နှင့် ဆော်ပြချက် |
|---|---|---|---|---|
| စိုက်ပျိုးရေး/ မွေးမြူရေးကဏ္ဍ | စိုက်ပျိုးရေး ၊ မွေးမြူရေးဆိုင်ရာ သင်တန်း/ ဆွေးနွေးပွဲများ ဖွင့်လှစ်ဆောင်ရွက်ခြင်း | ၅၃ | ၁၀ | - စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတများ ရရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>- မွေးကုဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |
| အခြားဝင်ငွေရ လုပ်ငန်းများ | - စက်ချုပ်သင်တန်း<br>- စက်ရက်ကန်းသင်တန်း<br>- ဇာထိုးပန်းထိုးသင်တန်း<br>- ဖုန်းပြင်သင်တန်း<br>- ဆိုင်ကယ်ပြင်သင်တန်း | ၈၄<br>၇၅<br>၄၈<br>၄၈<br>၄၉ | ၂<br>၄<br>၁၂<br>၁၂<br>၁၁ | - အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးခြင်း<br>- အသေးစားစက်မှုလက်မှုဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |
| ပညာရေး | အလယ်တန်းကျောင်းနှဲ့ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းနှင့် ဆရာ/ဆရာမ တောင်းခံခြင်း | ၇၂ | ၅ | - ကျောင်းကော်မတီနှင့် ပညာရေးဌာန ချိတ်ဆက်ဆောင်ရွက်ခြင်း |
| ကျန်းမာရေး | ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ခြင်း | ၅၆ | ၉ | - ကျေးရွာကော်မတီဖွဲ့စည်းခြင်း<br>- ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |

| ကဏ္ဍ/<br>အကြောင်းအရာ | စီမံကိန်း | ရမှတ်<br>ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်း နှင့် ဖော်ပြချက် |
|---|---|---|---|---|
| လမ်းပန်းဆက်သွယ်ရေး | ရွာတွင်း ကျောက်ချောလမ်းခင်းခြင်း<br>ကွန်ကရစ်တံတားတည်ဆောက်ခြင်း | ၈၅<br>၅၇ | ၁<br>၈ | - ကျေးရွာကော်မတီဖွဲ့စည်းခြင်း<br>- ရာသီမရွေး သွားလာလွယ်ကူစေရန် ကျောက်ချောလမ်းခင်းခြင်း (အလျား - ၂၀၀၀'၊ အနံ - ၁၂')<br>- ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>- INGO , NGO အဖွဲ့အစည်းများ ၊ အလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |
| ရေရရှိရေး | ဂါလံ(၅၀၀၀)ဆံ့ ရေကန်တည်ဆောက်ခြင်း ၊ 25HP ဒီဇယ်အင်ဂျင်ဝယ်ယူခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း | ၈၂ | ၃ | - ကျေးရွာတွင် ရေကော်မတီဖွဲ့စည်းခြင်း<br>- ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |
| ယဉ်ကျေးမှု / လူငယ်နှင့် အားကစား | စာကြည့်တိုက် ဆောက်လုပ်ခြင်း<br>အားကစားကွင်း တည်ဆောက်ခြင်း | ၄၁<br>၃၈ | ၁၄<br>၁၅ | - မြို့နယ်ပြန်/ဆက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>- စာပေဟောပြောပွဲများ ကျင်းပခြင်း<br>- စက်ယန္တရားများဖြင့် မြေညီအောင် ဆောင်ရွက်ခြင်း<br>- ကျေးရွာလူထု၏ လုပ်အားဖြင့် ဆောင်ရွက်ခြင်း |
| မီးလင်းရေး | ဆိုလာမီးလင်းရေးစနစ် ဆောင်ရွက်ခြင်း | ၆၅ | ၆ | - ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းခြင်း<br>- ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |
| ပတ်ဝန်းကျင် ထိန်းသိမ်းရေး | သစ်ပင်စိုက်ပျိုးခြင်း | ၆၁ | ၇ | - သစ်တောထိန်းသိမ်းခြင်း<br>- သစ်တောဦးစီးဌာနနှင့် ချိတ်ဆက်၍ သစ်ပင်စိုက်ပျိုးခြင်း |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ၂၀၁၇ ၂၀၁၈ | ၂၀၁၈ ၂၀၁၉ | ၂၀၁၉ ၂၀၂၀ | ၂၀၂၀ ၂၀၂၁ | ၂၀၂၁ ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်း ကျောက်ချောလမ်းခင်းခြင်း | ၁ | | ✔ | | ✔ | ✔ |
| ၂ | ဂါလံ(၅၀၀၀)ဆံ့ ရေကန်တည်ဆောက်ခြင်း၊ 25HP ဒီဇယ်အင်ဂျင်ဝယ်ယူခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း | ၃ | ✔ | | | | |
| ၃ | အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းနှင့် ဆရာ/ဆရာမ တောင်းခံခြင်း | ၅ | | ✔ | ✔ | | |
| ၄ | ဆိုလာမီးလင်းရေးစနစ် ဆောင်ရွက်ခြင်း | ၆ | | | ✔ | ✔ | |
| ၅ | ကွန်ကရစ်တံတားတည်ဆောက်ခြင်း | ၈ | | | ✔ | ✔ | ✔ |
| ၆ | ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ခြင်း | ၉ | | ✔ | | | |
| ၇ | စိုက်ပျိုးရေး/မွေးမြူရေးဆိုင်ရာ သင်တန်း/ဆွေးနွေးပွဲများ ဖွင့်လှစ်ဆောင်ရွက်ခြင်း | ၁၀ | | ✔ | | | |
| ၈ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၁၄ | | | ✔ | | |
| ၉ | အားကစားကွင်းတည်ဆောက်ခြင်း | ၁၅ | | | | | ✔ |

## (၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက် အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာ လူထုမှ ၄နှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါ သည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ရွာတွင်းကျောက်ချောလမ်းခင်းခြင်း | | | ✔ | | |
| ၂ | ဂါလံ(၅၀၀၀)ဆံ့ ရေကန်တည်ဆောက်ခြင်း၊ 25HP ဒီဇယ်အင်ဂျင်ဝယ်ယူခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း | | | ✔ | | |
| ၃ | အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းနှင့် ဆရာ/ဆရာမ တောင်းခံခြင်း | | | ✔ | | |
| ၄ | ဆိုလာမီးလင်းရေးစနစ် ဆောင်ရွက်ခြင်း | | | ✔ | | |
| ၅ | ကွန်ကရစ်တံတားတည်ဆောက်ခြင်း | | | ✔ | | |
| ၆ | ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ခြင်း | | | ✔ | | |
| ၇ | စိုက်ပျိုးရေး/မွေးမြူရေးဆိုင်ရာ သင်တန်း/ဆွေးနွေးပွဲများ ဖွင့်လှစ်ဆောင်ရွက်ခြင်း | | | ✔ | ✔ | |
| ၈ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | | | ✔ | | |
| ၉ | အားကစားကွင်းတည်ဆောက်ခြင်း | | | ✔ | | |

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာတွင်းလမ်းနှင့် အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်စေရန် တာဝန်ယူဆောင်ရွက်၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ- ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာတွင်းလမ်း ကောင်းမွန်စေရေး ဆောင်ရွက်ရန် မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန် ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

